## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နေ့လယ် ၁၃း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၄၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၁.၅၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၈-၁-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၄၄ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၇၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၇၈ ဦးအနက် ၄၇ ဦး ကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၃၁ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၂ ရက်၊

(၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၃) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၄) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၁ ရက်၊

(၅) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၁ ရက်၊

(၆) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၇) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၈) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၉) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၁၀) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၁၂) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၄ ရက်၊

(၁၃) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၁၄) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၁၅) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၆) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၂ ရက်၊

(၁၇) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၁၈) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၁၉) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၂၀) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်၊

(၂၁) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၄ ရက်၊

(၂၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၂၃) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ခွင့် ၁ ရက်၊

(၂၄) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၂၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၂၆) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၂၇) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၂၈) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၂၉) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၃၀) ဗိုလ်မှူးနေဝင်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၃ ရက်နှင့်

(၃၁) ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်တိုင်ကြားသူများကို ခွင့်ပြုပေးနိုင်ရန်အတွက် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၇ ဦး ယနေ့ ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်း(AH-112)ကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဦးအောင်စိုး၊ လောင်းလုံးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိုး(လောင်းလုံးမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကိုမင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက် ဂါရဝပြုပါရစေခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေး-ထားဝယ်-မြိတ်-ကော့သောင်း (AH-112) လမ်းမကြီးနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး ဟာ ကမ်းရိုးတန်းဒေသတိုင်းတစ်ခုဖြစ်တာနဲ့အညီ ရေး-ထားဝယ်-မြိတ်-ကော့သောင်းကားလမ်းမကြီး ဟာလည်း ကျွန်တော်တို့တိုင်းရဲ့ တစ်ခုတည်းသောလမ်းမကြီးဖြစ်သလို နိုင်ငံတော်ရဲ့ပြည်ထောင်စု လမ်းမကြီးလည်း ဖြစ်ပါတယ်။ တိုင်းအတွင်း ၁၀ မြို့နယ်ရှိတဲ့အနက် ရှစ်မြို့နယ်ဟာ ပြည်ထောင်စု လမ်းမကြီးပေါ်မှာတည်ရှိပြီး ပြည်သူများဟာလည်း ပြည်ထောင်စုလမ်းမကြီးရဲ့ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်စီမှာ နေထိုင်လာခဲ့ကြပါတယ်။ ယခင်ကလမ်းမကြီးရဲ့ နယ်နိမိတ်ဟာ ပေ ၁၀၀ ဟု သိရှိထားကြသော်လည်း တချို့နေရာများမှာ ပေ ၁၀၀ ခန့်ရှိသလို တချို့နေရာများဖြစ်တဲ့ မြို့တွင်း လမ်းများမှာ ပေ ၅၀ ဝန်းကျင်ခန့်သာ ကျယ်ဝန်းပါတယ်။

သို့သော်လည်းပဲ ယနေ့အချိန်မှာ ပြည်ထောင်စုလမ်းမကြီးကို ပြုပြင်ခြင်း၊ ကတ္တရာထပ်ပိုးခြင်း၊ လမ်းချဲ့ခြင်းများပြုလုပ်ပေးလာခဲ့သလို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အကြောင်း ကြားစာများမှာ ၎င်းလမ်းသည် (AH-112) လမ်းဖြစ်ပြီး လမ်းနယ်နိမိတ် ပေ ၃၀၀ ရှိကြောင်း လမ်းနယ်နိမိတ်အတွင်းရှိကျူးကျော်အိမ်ရာများ၊ ဆိုင်ခန်းများနှင့် အခြားအဆောက်အဦများ ထပ်မံ တိုးချဲ့မှုမရှိစေရန်နှင့် လက်ရှိတည်ရှိပြီးဖြစ်သော အဆောက်အဦနှင့် အိမ်ရာများရှင်းလင်းဖယ် ရှားဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း အကြောင်းကြားစာမှာ ပါရှိပါတယ်။ ဒါ့ကြောင့် လက်ရှိ အခြေအနေမှာ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင်နေထိုင်ကြသော ပြည်သူများမှာ မည်သည့် အချိန်တွင် မိမိ၏အိမ်ရာအဆောက်အဦများ ရှင်းလင်းဖယ်ရှားခံရမည်ကို စိုးရိမ်သောကဖြစ်လျက် စောင့်စားနေကြရပါတယ်။ အိမ်ရာအဆောက်အဦအသစ်ဆောက်လုပ်ရန် ပြည်သူများမှာလည်း ဆောက်လုပ်ခွင့်မရရှိဘဲ ဖြစ်နေပါတယ်။

သို့ပါ၍ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးရဲ့ အဓိကလမ်းမကြီးဖြစ်တဲ့ မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး(AH-112) လမ်းနှင့်ပတ်သက်၍ ပြည်သူများ မနစ်နာစေရန် လမ်း၏နယ်နိမိတ်အကျယ်အဝန်းကို မြို့တွင်း/မြို့ပြင်၊ ကျေးရွာတွင်း/ကျေးရွာပြင်ပ

တို့တွင် မည်သို့သတ်မှတ်ထားရှိသည်ကို သိရှိလိုပါကြောင်းနှင့် မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်းကို သိရှိလိုပါကြောင်း ပြည်သူများမှ မေးမြန်းတင်ပြလာတဲ့အတွက် ရှင်းလင်းပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးရဲ့ မေးမြန်းချက်ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်းဟာ ၅၀၄ မိုင် ၇ ဖာလုံရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးတဲ့ နောက်ပိုင်းမှာ အာဆီယံလမ်းကွန်ရက်ဖွံ့ဖြိုးရေးအတွက် ၁၉၉၉ ခုနှစ် စက်တင်ဘာလက ဗီယက်နမ်နိုင်ငံ၊ ဟန္ဒိုင်းမြို့မှာပြုလုပ်ခဲ့တဲ့ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးမှာ အာဆီယံလမ်းကွန်ရက် ဖွံ့ဖြိုးရေးစီမံကိန်းကိုဆောင်ရွက်ရန် မြန်မာနိုင်ငံမှ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲ့ဒီသဘောတူညီချက်များအရ ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်းကို အာရှ/အာဆီယံလမ်းမကြီး (AH-112)အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ အာရှနှင့် အာဆီယံလမ်းမကြီးများကို စံချိန်စံညွှန်းနှင့်အညီ အဆင့်မီဖို့ နှစ်လမ်းသွားကတ္တရာလမ်းဖြစ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ရန်ပုံငွေအခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ China EXIM Bank ရဲ့ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ နဲ့ အရင်အမြန်လမ်းကို ကျွန်တော်တို့ လျာထားခဲ့တဲ့ လမ်းချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုဘဲနဲ့ ရေး-မလွှဲတောင်-ထားဝယ်-မြိတ်-ကော့သောင်းလမ်းကို အဆင့်မီလမ်းမကြီးအဖြစ် ဆောက်လုပ်သွားနိုင်ရန်လျာထားချက်နဲ့ ကျွန်တော်တို့

စီစဉ်ဆောင်ရွက်ထားလျက်ရှိပါတယ်။ ဘယ်လိုဆောင်ရွက်မလဲဆိုလို့ရှိရင် တနင်္သာရီတိုင်းဒေသကြီး ဒီလမ်းပိုင်းဟာ အဆင့်မီ ၂၄ ပေ နှစ်လမ်းသွားလမ်းမကြီး အဖြစ်ရောက်ရှိသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အာဆီယံ/အာရှ လမ်းမကြီးများကို ASIAN, ASEAN and GMS Road Standard and Class များနဲ့အညီ သတ်မှတ်ဆောင်ရွက်မှာဖြစ်တဲ့အတွက် အာဆီယံ/အာရှလမ်းမကြီးများရဲ့ နယ်နိမိတ်ကို မူလက ပေ ၃၀၀ သတ်မှတ်ခဲ့သော်လည်း ယခုအခါ နိုင်ငံတကာရဲ့ သတ်မှတ်ချက်အတိုင်း လမ်းနယ်နိမိတ်ကို ၇၀ မီတာ ၂၃၀ ပေ လမ်းအလယ်မှ တစ်ဖက်ကို ၁၁၅ ပေအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါပေမယ့် မြို့အတွင်းမှာရှိနေတဲ့ ရွာအတွင်းမှာရှိနေတဲ့ လမ်းများကိုတော့ လမ်းတွေရဲ့နယ်နိမိတ်ကို အနည်းဆုံး ပေ ၁၀၀ လမ်းအလယ်ကနေ တစ်ဖက် ၅၀ ကို သတ်မှတ်ထားရှိပါတယ်။ ဒါပေမယ့် အနည်းဆုံးလိုအပ်ချက်အတိုင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပန်းတောင်း-တောင်ကုတ်(ရခိုင်ရိုးမ)လမ်းကို ဂျပန်ကားကြီးများဖြင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန်၊ မာန်အောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ဖြစ်ပါတယ်။ ကျွန်တော်တင်ထားတဲ့မေးခွန်းကတော့ ပန်းတောင်း-တောင်ကုတ်လမ်း အမြန်ပြုပြင်ရေးအတွက်ဖြစ်ပါတယ်။ ဒီလမ်းက ဂျပန်ခေတ်ကတည်းက ချွေးတပ်ဆွဲပြီးတော့ လူအင်အားနဲ့ဖောက်လုပ်ခဲ့တာပါ။ နှစ်ပေါင်း ၇၀ ကျော်ကြာပါပြီ။ ပညာရှင်အင်ဂျင်နီယာများ မပါဘူးဟုလည်းသိရှိရပါတယ်။ လမ်းဖောက်တော့ တောင်ကြောကိုလိုက်ပြီးတော့၊ ပတ်ပြီးတော့ဖောက်ကြလို့ ဖြတ်ရမယ့်ဥတိုတွေကလည်းမဖြတ်လို့၊ ပန်းတောင်း-တောင်ကုတ်မှာရှိရမှာက မိုင်ပေါင်း ၅၀ ကျော်လောက်ပဲရှိရမှာကို အခု ကျွန်တော်တို့ ၁၀၂ မိုင်ရှိပါတယ်။ ညောင်ကျိုးစခန်း

ကစပြီးတော့ တောင်ကုတ်ဘက်ကို တံတားဟာ တစ်ခုမှမရှိပါဘူး။ ပြီးတော့ လမ်းကအလွန်ကျဉ်းပါတယ်။ ကားကြီးတစ်စီးနဲ့တစ်စီးကလည်း ရှောင်လို့မရပါဘူး။ တိုက်မလိုမကြာခဏဖြစ်ပြီးတော့ ကားဟွန်းသံတောက်လျှောက်ပေးနေရပါတယ်။ မိုးတွင်းမှာ တောင်ပြိုကျပြီး ကားတွေကသွားမရတာလည်း ခဏခဏဖြစ်ပါတယ်။ မိုးတွင်းမှာဗွက်ထတယ်။ တစ်ဘီးချင်းလိမ့်ပြီးတော့ အချိန်နောက်ကျပြီးမှ ရောက်တယ်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပြီး လိုရာခရီးကိုမရောက်ကြပါဘူး။ လူမှုဒုက္ခများစွာတွေ့ရပါတယ်။ အသက်အန္တရာယ်လည်းစိုးရိမ်ရပါတယ်။ ၂၀၁၃ ခုနှစ်ကဆိုရင် မိုးတွင်းမှာ တောင်ကုတ်ကို မရောက်ခင် မိုင် ၄၀ ခန့်အလိုမှာ မြေပူတောင်အနီး ကားတစ်စီးဟာ ချောက်ထဲကိုထိုးကျပြီးတော့ လူတစ်ဝက်ခန့်သေသွားပါတယ်။ ကားဘရိတ်ပေါက်တယ်လို့သိရပါတယ်။ အန္တရာယ်များလာပါတယ် ခင်ဗျ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ပန်တောင်း-တောင်ကုတ်လမ်းကို တောင်ကုတ်မှာရှိတဲ့ နေလသစ္စာကုမ္ပဏီ MD ဦးကျောက်တောင်က ၂၀၁၀ ခုနှစ်ကစပြီးတော့ BOT စနစ်နဲ့တာဝန်ယူခဲ့ပါတယ်။ အထက်လူကြီးတွေက သူ့ကိုအတင်းလုပ်ခိုင်းလို့ လမ်းအဆင့်မြှင့်တင်ပေးဖို့အတွက် နိုင်ငံတော်ကထောက်ပံ့ပေးမယ် ဆိုပြီးတော့ တာဝန်ယူခဲ့ကြောင်းလည်းပြောပြပါတယ်။ ဒါပေမယ့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၅ ရာခိုင်နှုန်းသာထောက်ပံ့ပြီးတော့ အတိုးကို ၁၂ ရာခိုင်နှုန်းနဲ့ဆိုတော့ ဘယ်လိုမှလုပ်လို့မရတဲ့ အကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဆီကိုလည်း အကျိုးအကြောင်းစာတင်ထားကြောင်း ပြောပြပါတယ်။ ကျွန်တော့်ဆီလည်း မိတ္တူပေးပါတယ်။ သူတို့ကုမ္ပဏီက အရှုံးပေါ်နေပါတယ်တဲ့။ နိုင်ငံတော်က ပံ့ပိုးမှုပေးမှ ဆက်လုပ်နိုင်မယ်ဆိုတဲ့အကြောင်းကို ပြောပြပါတယ်။ ခက်တာက ဦးကျောက်တောင်က အထက်လူကြီးတွေကို အားနာပြီးတော့ ၎င်းမှာရှိသမျှအင်အားနဲ့ ဓနအင်အားနဲ့လုပ်တာ အခုတော့ မလုပ်နိုင်တော့ပါဘူး။ ဝန်ကြီးဌာနကပံ့ပိုးမှ လုပ်နိုင်မယ်ဆိုတဲ့အကြောင်း ဖြစ်နေပါတယ်။ ဒီကြားထဲမှာ ပန်းတောင်း-တောင်ကုတ်လမ်းကို ကားကြီး၊ ကားငယ်တို့က နေ့စဉ်ရက်ဆက် အခုလိုလမ်းပျက်နေပေမယ့် ကျွန်တော်တို့မိုးတွင်းမှာ ကားတွေဟာ တစ်ဘီးချင်းလိမ့်ပြီးတော့ သွားနေကြရတာ အလွန်အန္တရာယ်များပါတယ်။ ဒီလမ်းကမသွားရင်လည်း သွားစရာလမ်းမရှိပါဘူး။ တောင်ကုတ်၊ သံတွဲ၊ မာန်အောင်၊ ရမ်းဗြဲ၊ ကျောက်ဖြူမြို့များအားလုံးက ဒီလမ်းကိုပဲအားကိုး နေရတာပါ။ ဒါကြောင့်မို့လို့ ကျွန်တော် ပန်းတောင်း-တောင်ကုတ်လမ်းနဲ့ပတ်သက်ပြီးတော့ ဂျပန်ကားကြီးများ သွားလာနိုင်ဖို့အတွက် လမ်းကောင်းမွန်စေရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးလိုသည်မှာ- နံပါတ်(၁) ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဒီလမ်းအတွက် ပံ့ပိုးမှုအပြည့်အဝပေးနိုင်/မပေးနိုင်။ နံပါတ်

(၂) ပံ့ပိုးမှုမပေးနိုင်ဘူးဆိုရင်လည်း တာဝန်ယူလုပ်ကိုင်မယ့် အခြားကုမ္ပဏီများကို တင်ဒါစနစ်နဲ့ ခေါ်ယူပြီးတော့ တာဝန်ပေးနိုင်/မပေးနိုင်ဆိုတာကို သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့မေးမြန်းချက်ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့ကိုဖောက်လုပ်ထားတဲ့ ပြည်-ပန်းတောင်း-တောင်ကုတ်လမ်းဟာ ၁၀၂ မိုင် ရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၃ နေ့အထိ လမ်းအခြေအနေကတော့ အမာခံလမ်း ၁၀ မိုင် ၄ ဖာလုံနဲ့ ကတ္တရာလမ်း ၉၁ မိုင် ၄ ဖာလုံဖြစ်ပါတယ်။ ပြည်-ပန်းတောင်း-တောင်ကုတ်လမ်း ၁၀၂ မိုင်ဟာ နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကို ၁၃-၂-၂၀၁၀ ရက်နေ့ကစပြီး BOT စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ တည်ဆောက်ချိန်ကာလအတွင်းမှာ ရခိုင်ပြည်နယ်အတွင်းမှာ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း ၇ မိုင် ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ၂၀၁၃ ခုနှစ် ဇွန်လမှာ မိုင် ၄၁ ကနေ ၇၄ ထိ ၃၃ မိုင် BOT စနစ်နဲ့ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘူးဆိုပြီးတော့ တင်ပြလာတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ ပြန်လည်လက်ခံပြီးတော့ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီမှကျန်ရှိတဲ့အပိုင်း မိုင် ၁၄/၂ ကနေ ၄၁/၀ နဲ့ ၇၄/၀ ကနေ ၁၀၂ အတွင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကတ္တရာထပ်ပိုးလွှာ ၅ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း နိမ့်မြင့်ညှိပြီးတော့ ရေပိတ်လွှာလောင်းခြင်း ၉ မိုင်ဆောင်ရွက်မယ်ဆိုပြီးတော့ ကျွန်တော်တို့ကို တင်ပြထားပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့လည်း လမ်းရဲ့အခြေအနေတွေကိုသိရှိနေတဲ့အတွက် တွန်းအားပေးပြီးဆောင်ရွက်လျက်ရှိပါတယ်။ သူရဲ့လိုအပ်ချက်ဖြစ်တဲ့ ကတ္တရာလိုအပ်ချက်ကိုလည်း ကျွန်တော်တို့ ခေတ္တချေးပြီးတော့ ဖြည့်ဆည်းပေးထားပြီး အခုအခါမှာတော့ ကျွန်တော်တို့ကတ္တရာခင်းတဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ လွှဲပြောင်းပြီးပြန်လည်ယူထားတဲ့လမ်းပိုင်းကိုလည်း ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ကျွန်တော်တို့ ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီတော့ မိုးကာလအတွင်းမှာ

ကျွန်တော်တို့ လမ်းမပျက်စေရေးကိုတော့ ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ပန်းတောင်း-တောင်ကုတ်လမ်းပိုင်းမှာ နေလသစ္စာကုမ္ပဏီရဲ့ ဆောင်ရွက်ချက်ကတော့ အားနည်းတယ်ဆိုတာ ကျွန်တော်တို့လည်းသိပါတယ်။ ကျွန်တော်တို့အနေနဲ့ တွန်းအားပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ သူ့ဆီကနေပြီးတော့ တချို့အပိုင်းတွေကို ကျွန်တော်တို့ ပြန်လွှဲပြောင်းယူပြီးတော့ ဆောင်ရွက်နေတာလည်းရှိပါတယ်။ အဲ့ဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် နေလသစ္စာကုမ္ပဏီအနေနဲ့ ဒီပန်းတောင်း-တောင်ကုတ်လမ်းကြီး မိုးကာလအတွင်းမှာ လမ်းမပျက်သွားလာရေးကတော့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သူ့ရဲ့လိုအပ်ချက်ကိုလည်း ကျွန်တော်တို့ ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်။ အဓိကကတော့ စောစောပိုင်းအခြေအနေများက ယာဉ်အသွားအလာများတဲ့အတွက် ကောက်ခံတဲ့နေရာမှာလည်း ဝင်ငွေပိုပြီးရရှိခဲ့ပါတယ်။ အခုကတော့ ယာဉ်အသွားအလာလည်း တော်တော်လေးနည်းပါးသွားတဲ့အတွက် အကြောင်းအားလျော်စွာ တွက်ချေမကိုက်တဲ့သဘောလေးရှိပါတယ်။ သို့ရာတွင် တာဝန်ပိုင်းအနေနဲ့ပေးပြီးသားဖြစ်တဲ့အတွက် သူတို့မနိုင်တဲ့အပိုင်းကိုတော့ ကျွန်တော်တို့က ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သူတို့ဆောင်ရွက်နေတဲ့အပိုင်းကိုကောင်းအောင်လည်း ကျွန်တော်တို့ ဝိုင်းဝန်းပံ့ပိုးသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာလည်း ငွေလုံးငွေရင်းရန်ပုံငွေ သန်း ၄၀၀ ကျွန်တော်တို့ လျာထားပါတယ်။ ကျွန်တော်တို့အပိုင်းက လျာထားသလို ဒီနေလသစ္စာအပိုင်းက ဆောင်ရွက်ရမယ့်လုပ်ငန်းများကိုလည်း ကျွန်တော်တို့ တွန်းအားပေးပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တကယ်လို့ ကျွန်တော်တို့ကို ပြန်လွှဲထားတဲ့လမ်းပိုင်းကနေပြီးတော့ တခြားကုမ္ပဏီများအနေနဲ့ BOT လုပ်ငန်းဆောင်ရွက်ချင်တယ်ဆိုရင်လည်း ကျွန်တော်တို့ဆီကိုတင်ပြရင် ကျွန်တော်တို့ စိစစ်ပြီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြလိုတာကတော့ ဒီ ပန်းတောင်း-တောင်ကုတ်လမ်းနဲ့ပတ်သက်ပြီးတော့ ဒီ နွေ၊ မိုး၊ ဆောင်းအဆင့်မြင့် သွားလာနိုင်ဖို့လည်း ကျွန်တော်တို့လည်း တွန်းအားပေးပြီးဆောင်ရွက်လျက်ရှိပါတယ်။ BOT လမ်းပိုင်းအနေနဲ့ တာဝန်မကျေဘူးဆိုရင်လည်း နောက်ပိုင်းမှာ ကျွန်တော်တို့ ပြန်သိမ်းဆည်းပြီးတော့ ကျွန်တော်တို့ ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အသေးစားငွေချေးဥပဒေတွင် ပုဒ်မ ၅၇ ပြဋ္ဌာန်းချက်အရ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုမဟုတ်သောကြောင့် ပုံစံ(က)၊(ခ)ဖြင့် ဦးတိုက်လျှောက်ထားမှုများကို အများအားဖြင့် တရားရုံးများက ပလပ်ခဲ့သည်ကိုသိပါသလားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်မေးထားတဲ့မေးခွန်းကတော့ (က)၊(ခ)၊(ဂ) သုံးခုပါ။ သို့သော် အခြားဝန်ကြီးဌာနက ဖြေဖို့ရှိပြီးတော့ ဒီနေ့တော့ (ခ)ပဲမေးခွင့်ပြုတဲ့အတွက် ကျွန်တော် (ခ)ကိုမေးပါမယ်။ ဒီနေ့အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့နိုင်ငံရဲ့ဆင်းရဲသူများအတွက်က ငွေတိုးချေးစားဒဏ်ပိပြီးတော့ တရားရုံးတွေမှာ တရားလို၊ တရားခံအဖြစ် အမှုပေါင်းများစွာရင်ဆိုင်နေရပါတယ်။ လွှတ်တော်တွင်းမှာ မေးခွန်းမေးမြန်းလာတဲ့အတွက် လူထုက၊ ခံရတဲ့လူတွေက အားကိုးတကြီးနဲ့ ရဲစခန်းတိုင်ကြားတာတွေ၊ ဘာတွေတော့ အရင်ကထက်ဆိုရင် အရေအတွက်တော်တော်များပြားလာပါပြီ။ ပြီးတော့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေဆိုတာလည်း ကျွန်တော်တို့ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေအမှတ်(၁၃)ဖြင့် ၂၀၁၁ ကပြဋ္ဌာန်းခဲ့တဲ့ဥပဒေပါ။ ဒီဥပဒေဟာ အတိုးချေးစားသူများအပေါ်မှာ ကိုင်တွယ်ဖို့အတွက် ဒီနေ့အခြေအနေနဲ့ အထိရောက်ဆုံးဥပဒေဖြစ်ပါတယ်။ ဒီဥပဒေရဲ့ပုဒ်မ ၅၄ မှာ မည်သူမျှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီရောက်လာတဲ့ တိုင်စာတွေရော၊ တကယ့်ပြည်သူတွေရဲ့ဘဝတွင်းမှာ ၁၀၀၀၀၀ ချေးပြီး တစ်နေ့ ၂၀၀၀၊ နောက်တစ်ခါ အတိုးတွေဆင့်ပေါင်း၊ နောက်တစ်ခါ စာချုပ်အလွတ်တွေပေါ်မှာ လက်မှတ်ထိုးပြီးတော့ တရားစွဲဆိုတဲ့အမှုတွေ အင်မတန်များပြားနေပါတယ်။ ဒါ့ကြောင့် ကျွန်တော်က အခု ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၅၇၊ ၅၇ ဆိုတာခုနက ၅၄ ပြဋ္ဌာန်းချက်ကို ချိုးဖောက်လို့ရှိရင် ၅၇ ပြဋ္ဌာန်းချက်အရ ရဲအရေးယူပိုင်ခွင့်ရှိ သောပြစ်မှုမဟုတ်သောကြောင့် ပုံစံ(က)(ခ)ဖြင့် ဦးတိုက်လျှောက်ထားမှုများကို အများအားဖြင့် တရားရုံးများက ပလပ်ခဲ့သည်ကို သိပါသလားဆိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တရားလွှတ်တော်ချုပ်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း အမှတ်(ခ)နှင့်ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။

မေးခွန်းအမှတ်(ခ)ကတော့ ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့စွဲနှင့် ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ပြဋ္ဌာန်းခဲ့တဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်အရ မည်သူမျှလုပ်ငန်းလိုင်စင်မရှိဘဲနဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းရဲ့လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရန်ဆိုပြီးတော့ တားမြစ်ထားတဲ့ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်မယ်ဆိုလို့ရှိရင်တော့ ပုဒ်မ ၅၇ အရ ငွေဒဏ်ဖြစ်စေ၊ ငါးနှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားတဲ့ပုဒ်မဖြစ်ပါတယ်။ သို့သော်လည်း အဲ့ဒီပုဒ်မ ၅၇ ကို ရဲအရေးပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်ထားခြင်း မရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ အဲ့ဒီပုဒ်မတွေမှာ ပုဒ်မ ၅၇ အပါအဝင် ဒီဥပဒေအရ ပုဒ်မ ၅၆၊ ၅၇၊ ၅၈ တို့အရ တရားစွဲဆိုလာမယ်ဆိုလို့ရှိရင် ကြီးကြပ်ရေးကော်မတီရဲ့ ကြိုတင်ခွင့်ပြုချက်ကို ရယူရမှာဖြစ်တဲ့အကြောင်း ပုဒ်မ ၆၄ မှာသတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။ အဲ့ဒီပြဋ္ဌာန်းချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၅၇ အရ တရားရုံးများကို ပုံစံ(က)(ခ)နဲ့ လျှောက်ထားပြီးစွဲဆိုလာမယ်ဆိုလို့ရှိရင် အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီရဲ့ ကြိုတင်ခွင့်ပြုချက်ကို တောင်းခံရယူပြီးမှသာလျှင် တရားစွဲဆိုနိုင်ခွင့်ရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ စိစစ်ကြည့်ရှုတဲ့အခါမှာတော့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းပြီးတဲ့နောက်မှာ တရားရုံးအသီးသီးမှာ မေးခွန်းပါ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၅၇ အရ အရေးယူပေးရန် ပုံစံ(က)(ခ)နဲ့ ဦးတိုက်လျှောက်ထားစွဲဆိုတဲ့အမှုများ မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၁၄၄ နည်းဥပဒေ ခွဲ(ဃ) အရ ကျွန်တော် ဆက်စပ် မေးခွန်းမေးခွင့်ပြုပါ။ အခု ဒီပုဒ်မမျိုးနဲ့တရားစွဲတဲ့အမှုဟာ ရန်ကင်း တစ်မြို့နယ်တည်းမှာပဲ ငွေတိုးချေးစားသူကို ငွေတိုးချေးပြီးတော့ ပြန်မဆပ်နိုင်တဲ့လူတွေက ၁၀ ဦးပေါ့။ အမှုတွေတရားစွဲထားတာရှိပါတယ်။ အဲဒါကြောင့် အဲဒီလို တရားစွဲထားတဲ့ အမှုတွေနဲ့ပတ်သက်ပြီးတော့ တရားရုံးချုပ်က တိကျမှန်ကန်တဲ့ စာရင်းရယူပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ ကျွန်တော် လက်ထဲမှာတော့ ရန်ကင်းတစ်မြို့နယ်ထဲကို ၁၀ မှုရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ပြန်လည်စိစစ်ပြီး တင်ပြမှာ ဖြစ်ပါတယ်။

**သက်ဆိုင်ရာအဖွဲ့အစည်းတို့မှ ထုတ်ပြန်နေသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်စေရန် စိစစ်ဆောင်ရွက်ခြင်းရှိ/မရှိနှင့် ထုတ်ပြန်ချက်များကို ပြည်သူများသိရှိခွင့်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ ပေါက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထား၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အာဏာပိုင်တို့က ထုတ်ပြန်နေကြတဲ့ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မ ၁၈၉ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)တို့မှာ သက်ဆိုင်ရာအဖွဲ့အစည်းသို့မဟုတ် အာဏာပိုင်များဟာ ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကိုအပ်နှင်းနိုင်သည်ဟုဖော်ပြထားချက်နှင့်အညီ

အပ်နှင်းခဲ့၍ ယင်းကိစ္စများကို အဆိုပါအဖွဲ့အစည်းများနှင့်အာဏာပိုင်တို့က ထုတ်ပြန်နေလျက်ရှိကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၈၉ ပုဒ်မခွဲ(ခ)တို့မှာ ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်ဟုဖော်ပြထားပါတယ်။ ဒါကြောင့် လွှတ်တော် အသီးသီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)နှင့် ပုဒ်မ ၁၈၉ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)တို့အရ လွှတ်တော်အသီးသီးမှ စိစစ်ရန်တာဝန်ရှိသည့် ပြဋ္ဌာန်းပြီးတင်ပြလာတဲ့ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတွေကို ဥပဒေနှင့်အညီစိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အာဏာပိုင်တို့အား ထုတ်ပြန်ခွင့်အပ်နှင်းပြီး ထုတ်ပြန်နေသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတို့မှာ ပြည်သူများနှင့် အများဆုံးထိတွေ့ဆက်ဆံနေရတဲ့ အောက်ခြေရုံးဌာနအသီးသီးတို့မှာ အဓိကလိုက်နာကျင့်သုံးသုံးစွဲလျက်ရှိပါတယ်။ ဒါကြောင့် အဆိုပါထုတ်ပြန်ချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနဲ့လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်တို့နှင့်ညီညွတ်ရန် လိုအပ်သည့်အပြင် ပြည်သူများသိရှိလိုက်နာနိုင်ရေးအတွက် အများသိရှိနိုင်လောက်သည့်ကိစ္စများကို အခွင့်အရေးပေး၍ ပြည်သူများသိရှိခွင့်ရသင့်သည်ဟုထင်မြင်မိပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကအပ်နှင်းပြီး ဆောင်ရွက်လျက်ရှိတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းနဲ့ အာဏာပိုင်တို့မှထုတ်ပြန်နေတဲ့ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နဲ့လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်နဲ့လည်းကောင်းညီညွတ်စေရန် (က) စိစစ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်၍ မရှိပါက အဘယ်ကြောင့်နည်း။ (ခ) ထိုသို့ထုတ်ပြန်ချက်များကို ပြည်သူများသိရှိခွင့်ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်ထားသည်ကို သိလို၍ ဖြေကြားပေးနိုင်ပါရန် ပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**ဥက္ကဋ္ဌ**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ ရှေးဦးပမာဏ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရုံးက ဖြေကြားဖို့လွှဲအပ်လက်ခံရရှိတဲ့ မေးခွန်းကတော့ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ညို မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ဦးခင်မောင်ညို မေးမြန်းထားတဲ့ မေးခွန်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေက အာဏာပေးလို့ အာဏာရတဲ့ အာဏာပိုင်တွေက ထုတ်ပြန်နေတဲ့ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ သက်ဆိုင်ရာမိခင်အက်ဥပဒေတွေနှင့်လည်းကောင်း ညီ/မညီစိစစ်မှုရှိ/မရှိလည်းဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ကဏ္ဍခွဲပြီးတော့တင်ပြထားတာက (က)အနေနဲ့ တွေ့ရတာက စိစစ်ဆောင်ရွက်ခြင်းရှိ/မရှိနှင့် ရှိရင်မည်ကဲ့သို့ဆောင်ရွက်၍ မရှိပါက အဘယ်ကြောင့်ပါနည်း။ (ခ) အဆိုပါထုတ်ပြန်ချက်များကို ပြည်သူများသိခွင့်ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်ထား၍ မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိလိုပါကြောင်း မေးမြန်းထားခြင်းဖြစ်ပါတယ်။

အဲဒီတော့ ဒီမေးခွန်းကို ဖြေကြားဖို့ဆိုပြီးတော့ သက်ဆိုင်ရာကနေ ကျွန်တော်တို့ ခုံရုံးကို လွှဲအပ်ခဲ့တာဖြစ်ပါတယ်။ ခုံရုံးအနေနဲ့ သက်ဆိုင်သူများကို ဖြေကြားတင်ပြခွင့်ပြုပါလို့ ပဏာမကြိုတင်တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုဒ်မ ၃၂၂ ပုဒ်မခွဲ(ခ)အရ ဥပဒေပြုအာဏာပိုင်ဖြစ်တဲ့ လွှတ်တော်တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ/မညီကို စိစစ်ဆုံးဖြတ်ပေးဖို့ရာ တာဝန်ရှိပါတယ်။ သို့သော် ဒီကဲ့သို့စိစစ်ဆုံးဖြတ်ပေးဖို့ဆိုရာမှာလည်းပဲ စိစစ်ဆုံးဖြတ်နိုင်ဖို့ရာအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နဲ့ ၃၂၆ တို့မှာ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများက သတ်မှတ်ချက်များနှင့်အညီ အမှုတင်သွင်းမှု တင်သွင်းလွှာတင်သွင်းမှသာလျှင် ကျွန်တော်တို့ခုံရုံးအနေနဲ့ စိစစ်ဆုံးဖြတ်ခွင့်ရှိတဲ့အကြောင်း လက်ရှိဥပဒေများတွင် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ခုံရုံးသည် တင်သွင်းလွှာများတင်သွင်းလာလို့ရှိရင် တင်သွင်းလွှာများကို တရားစီရင်ရေးနည်းလမ်းနှင့်အညီ စိစစ်ဆုံးဖြတ်မှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ တင်သွင်းသူမရှိဘဲနဲ့တော့ ခုံရုံးက ကိစ္စရပ်တစ်ခုကို မိမိသဘောအရ

အမှုဖွင့်ဆောင်ရွက် ခွင့်ရှိတယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုးကို ကျွန်တော်တို့ခုံရုံးမှာမရှိပါဘူးဆိုတဲ့အကြောင်း ကြိုတင်တင်ပြလိုပါတယ်။ အဲဒီတော့ ဦးခင်မောင်ညို မေးတဲ့မေးခွန်းတွေကို ပြန်ပြီးတော့ကောက်ဖြေရလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးလို့ အာဏာရတဲ့ပုဂ္ဂိုလ်များကထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီ စိစစ်ဖို့ခုံရုံးမှာ တာဝန်မရှိပါဘူးဆိုတဲ့ အကြောင်းကို ပဏာမတင်ပြလိုပါတယ်။

ဆက်လက်တင်ပြလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ နှင့် ပုဒ်မ ၁၈၉ ဖြစ်ပါတယ်။ ဒါကမေးခွန်းတင်ပြသူ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ညိုလည်း တင်ပြထားပါတယ်။ ဒီပုဒ်မတွေရဲ့ ဆိုလိုရင်းကတော့ ဥပဒေပြုလွှတ်တော်က ဥပဒေတစ်ခု မိခင်အက်ဥပဒေတစ်ခုကိုပြုပေးလိုက်တဲ့အခါမှာ ဒီဥပဒေကို အကောင်အထည်ဖော်ဖို့ရာအတွက် သက်ဆိုင်ရာ အကောင်အထည်ဖော်မယ့်အဖွဲ့အစည်းတွေသည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဥပဒေပြဋ္ဌာန်းဖို့ အာဏာပေးနိုင်သလို အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ဖို့ အာဏာလည်းပေးနိုင်တယ်ဆိုတဲ့အကြောင်းပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ဒါက ပြည်ထောင်စုလွှတ်တော်မှာ ဒီအာဏာရှိသလို တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တွေမှာလည်းရှိပါတယ်။ ထိုကဲ့သို့ ထုတ်ပြန်ခွင့်ရတဲ့အမိန့်တွေကိုထုတ်ပြန်တဲ့အခါ၊ ညွှန်ကြားချက်တွေကိုထုတ်ပြန်တဲ့အခါမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတို့၊ သက်ဆိုင်ရာတည်ဆဲမိခင်အက်ဥပဒေတို့နဲ့အညီဖြစ်ရမယ်ဆိုတဲ့အကြောင်းကို အဲဒီပုဒ်မနှစ်ခုမှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းဆိုသည်မှာ မိခင်အက်ဥပဒေကို အကောင်အထည်ဖော်ဖို့ရာအတွက် ပြဋ္ဌာန်းတဲ့ ဥပဒေများပဲဖြစ်ပါတယ်။ ပြဋ္ဌာန်းတဲ့ပြဋ္ဌာန်းချက်များပဲဖြစ်ပါတယ်။ သူတို့ထက်နည်းနည်းအဆင့်မြင့်တာကတော့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဆိုတာထုတ်ပါတယ်။ မိခင်အက်ဥပဒေကို အကောင်အထည်ဖော်ဖို့ရန်အတွက် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းလည်းထုတ်ပါတယ်။ သို့တည်းမဟုတ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့အတိုင်းပဲ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းလည်းထုတ်ပါတယ်။ ဒီလိုထုတ်ပြန်တဲ့ ဥပဒေတွေသည် မိခင်ဥပဒေကိုကျော်လွန်ခွင့်မရှိပါဘူး။ မိခင်အက်ဥပဒေကို အကောင်အထည်ဖော်ရန်အတွက် ရည်ရွယ်ချက်မြောက်ရန်အတွက်သာ ထုတ်ပြန်ခွင့်ရှိကြောင်းကိုလည်း ဖြေကြားလိုပါတယ်။

မိခင်အက်ဥပဒေကို အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းသောဥပဒေများမှာ နည်းဥပဒေဟာ အဆင့်မြင့်ဆုံးလို့ဆိုနိုင်ပါတယ်။ ထိုကဲ့သို့ နည်းဥပဒေ ပြုလုပ်အကောင်အထည်ဖော်သော်လည်း မပြည့်စုံမှ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်လျက်ရှိပါတယ်။ အဲဒီ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဥပဒေများ မိခင်အက်ဥပဒေနှင့် ညီ/မညီကိုတော့ ဥပဒေပြုလွှတ်တော်များက စိစစ် ရပါတယ်။ ဥပဒေပြုလွှတ်တော်များက စိစစ်ရကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၅၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၃၇၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၇၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၉ တို့မှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အကျဉ်းချုပ်ပဲ ကျွန်တော်ကဖြေကြားခြင်းဖြစ်ပါတယ်။ မိခင်အက်ဥပဒေကိုပြဋ္ဌာန်းပေးလိုက်တဲ့ လွှတ်တော်သည် မိခင်အက်ဥပဒေကိုအကောင်အထည်ဖော်မယ့် နည်းဥပဒေပြဋ္ဌာန်းချက်ပေါ်လာရင် ဒါသည် မိခင်အက်ဥပဒေနှင့်ညီ/မညီစိစစ်ပေးဖို့ရာ တာဝန်ရှိတယ်ဆိုတဲ့အကြောင်းကို တင်ပြခြင်းဖြစ်ပါတယ်။

သို့သော်လည်း အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများသည် မိခင်အက်ဥပဒေနှင့်ညီညွတ်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ရန်ကိုတော့ ဒီကိစ္စတွေကိုတော့ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်တဲ့ပုဂ္ဂိုလ်များမှာတာဝန်ရှိတယ်လို့ပြောချင်ပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးတဲ့အမေးနဲ့ တိုက်ရိုက်တန်းဖြေရလို့ရှိရင် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီ၊ တည်ဆဲမိခင်အက်ဥပဒေနှင့်ညီ/မညီစိစစ်ဖို့က အဲဒီအမိန့်တွေကို ထုတ်ပြန်တဲ့ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများမှာ တိုက်ရိုက်တာဝန်ရှိတယ်ဆိုတဲ့အကြောင်းကို ဖြေကြားခြင်းဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်လို့ ဥပဒေကိုးကားကာတင်ပြရလို့ရှိရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၇ ဥပဒေပြဋ္ဌာန်းချက်များဖြစ်တဲ့အတွက် အရှိအတိုင်း ဖတ်ကြားတင်ပြခွင့်ပြုပါ။ ပုဒ်မ ၄၄၇ က တည်ဆဲ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၄ တွင် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများသည် ယင်းတို့၏ လက်အောက်ရှိအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း တည်ဆဲဥပဒေပါပြဋ္ဌာန်း

ချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့်စစ်ဆေးခြင်းများပြုရမည်ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၁ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း ကြီးကြပ်ခြင်းနှင့်စစ်ဆေးခြင်းများပြုရမည်ဟုပြဋ္ဌာန်းထားပါတယ်။ ဒီပုဒ်မနှစ်ခုကိုကိုးကားရခြင်းက ပြည်ထောင်စုအစိုးရအဖွဲ့သည်လည်းကောင်း၊ ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့သည်လည်းကောင်း လက်အောက်အဖွဲ့အစည်းများရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်ဖြစ်စေ၊ တည်ဆဲအက်ဥပဒေများနှင့်ဖြစ်စေ ညီအောင်လုပ်နိုင်ဖို့ရာအတွက် ကြီးကြပ်ကွပ်ကဲရမယ့်တာဝန်ရှိတယ်ဆိုတဲ့အကြောင်း သိသာရန်တင်ပြခြင်းဖြစ်ပါတယ်။

ဒါကြောင့် အမေးနှင့်ပတ်သက်ပြီး ပထမအချက်အနေနဲ့ဖြေကြားလိုတာက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီစိစစ်ရန်တာဝန်မှာသက်ဆိုင်ရာပြည်ထောင်စုအစိုးရဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ပေါ် တွင်ကျရောက်နေပါကြောင်း ပထမတစ်ချက်ဖြေကြားလိုပါတယ်။

ဒုတိယတစ်ချက်ဖြေကြားလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့်လည်းကောင်းမညီသော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သူများက ပယ်ဖျက်ခွင့်ရှိပါသည်ဆိုတဲ့အချက်ကို ဒုတိယတစ်ချက်အနေနဲ့ ဖြေကြားလိုပါတယ်။

တတိယတစ်ချက်အနေနဲ့ ဖြေကြားလိုတာက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သူများသည် ထုတ်ပြန်ပြဋ္ဌာန်းချက်များကို ပြည်သူသို့အသိပေးရန် တာဝန်ရှိပါတယ်ဆိုတဲ့အချက်တစ်ချက်ကို ဖြေကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ဖြေကြားလိုတာက ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၁ တို့အရ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့၏ တာဝန်ဖြစ်တဲ့အကြောင်း ယခုမေးခွန်းပါကိစ္စသည် အဆိုပါပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏တာဝန်ဖြစ်တဲ့အကြောင်းနှင့် ယခု

မေးခွန်းပါအချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါကိစ္စ Constitutional Issue မဟုတ်ပါဘဲ။ စီမံခန့်ခွဲရေး အရ ကြီးကြပ်မှုဆိုင်ရာကိစ္စ Supervisory Issue သာဖြစ်ပါကြောင်း မိမိတို့ဌာနအနေနဲ့ ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး အဌမနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်(ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၃း၄၀ နာရီအချိန် တွင်ရပ်နားပါသည်။]